# စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊မြင်းစီးရွာမှ အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ ပျူစောထီးများသည် ကိုယ်ဝန်ဆောင် အမျိုးသမီးနှင့် အသက် (၃) နှစ်အရွယ် ကလေးငယ် အပါအဝင် ဒေသခံမိသားစုဝင် (၆) ဦးအား သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်

ဖေဖော်ဝါရီလ (၁၅) ရက် ၂၀၂၄ ခုနှစ်

# ကျူးလွန်သည့် သူများ

**အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ မြင်းစီးရွာ ပျူစောထီး ဌေးအောင် ဦးဆောင်သည့် အင်အား (၁၅) ဦးခန့်ရှိ ပျူစောထီးများ**



**အသက်(၃) နှစ်အရွယ်ကလေးငယ်အား အူများထွက်သည်အထိ ဓါးဖြင့် ထိုးသတ်ခဲ့သည့် သက်သေမှတ်တမ်း**

**ဖြစ်ပွားသည့်နေရာ**

စစ်ကိုင်းတိုင်း၊ရွှေဘိုမြို့နယ်၊ မြင်းစီးရွာ

**ပျူစောထီးများ၏ တပ်လှုပ်ရှားပုံနှင့် ပစ်မှတ်ထား တိုက်ခတ်မှု**

- ✓ ဖေဖော်ဝါရီလ (၁၅) ရက်နေ့ ညနေပိုင်း (၅) နာရီခန့် အချိန်တွင် **အကြမ်းဖက်စစ်အုပ်စုမှ သူရဲဘွဲ့ချီးမြှင့်ထားသည့် မြင်းစီးရွာ၊ ပျူစောထီးခေါင်းဆောင် ဌေးအောင် ဦးဆောင်သည့် အဖွဲ့ဝင်(၁၅)ဦးခန့်ရှိသော ပျူစောထီးများသည်** ရွာနှင့် (၁)မိုင်ခန့်ဝေးသော တောတိုက်သို့ ဝင်ရောက်ခဲ့သည်။
- ✓ ထိုတောတိုက်တွင် လယ်ယာလုပ်ငန်းလုပ်ကိုင်နေသော **ဒေသခံ ဦးလင်း (၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကော်မရှင် ရပ်ကျေးဥက္ကဌ တာဝန်ယူခဲ့သူ)၏ မိသားစုဝင်များအား** ပစ်မှတ်ထား၍ သတ်ဖြတ်ခဲ့သည်။

# ဖြစ်စဉ်အကျဉ်း

## ၀၁ ဖေဖော်ဝါရီလ(၁၅) ရက် ၂၀၂၄


အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံပျူစောထီး တပ်ဖွဲ့သည်တောတိုက်သို့ဝင်ရောက်ပြီးနောက် ဦးလင်း၏ မိသားစုဝင်ဖြစ်သည့် ကိုယ်ဝန်(၅)လခန့်ရှိပြီဖြစ်သော ကိုယ်ဝန်ဆောင်သည် အမျိုးသမီးအား ညာဘက်ပါး အား သေနတ်ဖြင့် တော့ပစ်သတ်ခဲ့၊ ဦးလင်းကို ဘယ်ဘက် ဦးခေါင်းထိပ်အား သေနတ်ဖြင့် တော့ပစ်သတ်ခဲ့၊ ဦးလင်း၏ ဇနီးဖြစ်သူအား သေနတ်ဖြင့် ပစ်သတ်ခဲ့၊ ယင်း ရုပ်အလော်င်း (၃) လောင်း အား ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် အခင်းဖြစ်ပွားရာတွင်တွေ့ရှိခဲ့။

## ၀၂

ထို့ပြင် ဦးလင်း၏ မိသားစုဝင်များဖြစ်သော အသက် (၃)နှစ် အရွယ်ကလေးငယ်အား ဘယ်ဘက် ဝမ်းဗိုက်ကို ဓါးဖြင့်ထိုးသွင်းသဖြင့် အူများထွက်ကျသည့်ဒဏ်ရာဖြင့် လည်းကောင်း၊ (၄၂)အရွယ် အမျိုးသမီး တဦးအား ဦးခေါင်းကိုသေနတ်ဖြင့်တော့ပစ်သည့် ဒဏ်ရာဖြင့်လည်းကောင်း၊(၇၂)နှစ်အရွယ် အဖွားအားလည်း ဦးခေါင်းကို သေနတ်ဖြင့်တော့ပစ်ဒဏ်ရာဖြင့် (၃)ဦးတစု အနေအထား ဖြင့် သေဆုံး နေသည့် ရုပ်အလောင်းများကို ဖေဖော်ဝါရီလ(၁၆)ရက်နေ့တွင် ထပ်မံတွေ့ရှိခဲ့


## ၀၃ နောက်ဆက်တွဲ အခြေအနေ

ပျူစောထီးများသည် ဦးလင်းတို့ပိုင်ဆိုင်သည့် ငွေကျပ် သိန်း(၃၀)နှင့် လက်ဝတ်ရတနာများကို လုယက်ခိုးယူပြီး ၎င်းတို့တပ်စွဲအခြေချရာ မြင်စီးရွာသို့ ပြန်လည် ဆုတ်ခွာခဲ့၊
ပျူစောထီးများ၏ အကြမ်းဖက်မှုကြောင့် ဘေးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများလည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရ။



# အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ ပျူစောထီးများကြောင့် သေဆုံးခဲ့သည့် ဒေသခံ မိသားစုဝင်(၆) ဦး စာရင်း

| စဉ် | အမည် | အသက် | လိင် | မှတ်ချက် |
|---|---|---|---|---|
| ၁ | မောင်ဇေထူးအောင် | (၃)နှစ် | ကျား | |
| ၂ | မချစ်စုအောင် | (၂၆)နှစ် | မ | ကိုယ်ဝန်သည် |
| ၃ | မစန်းမင်း | (၄၂)နှစ် | မ | |
| ၄ | ဒေါ်မြင့်သန်း | (၆၅)နှစ် | မ | |
| ၅ | ဦးလင်း | (၆၅)နှစ် | ကျား | |
| ၆ | ဒေါ်ဆန်တင် | (၇၂)နှစ် | မ | |






# အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ ပျူစောထီးများက ပြည်သူများအား သတ်ဖြတ်ခဲ့သည့် သက်သေဓာတ်ပုံများ





# CRIMES





# OF MILITIAS

ရရှိထားသောအချက်အလက်များနှင့် ဓာတ်ပုံမှတ်တမ်းများသည် မြေပြင်မှပေးပို့သည့် အချက်အလက်များ၊အင်တာဗျူးများပြုလုပ်၍ တင်ပြခြင်းဖြစ်ပါသည်။